တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ်၊ တနတ-၀၀၄/၂၀၁၇ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၅ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဒေါ်နေရည်အောင်

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ အမ်အေစီ တာဝါ ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၄) **ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ** -

(၅) **ဖွဲ့စည်းရာအရပ်** -

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** ဦးပိုင်အမှတ် ၃၉ ၊ အကွက်အမှတ်-၆၊ အိမ်ရှေ့ပြင်မြောက်၊ ဆင်ဆိပ်ရပ်ကွက်၊ ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြေဧရိယာ (၁.၀၉၁) ဧက (၄,၁၃၉.၅၈၆ စတုရန်းမီတာ)

(၈) **နိုင်ငံခြားမတည်ငွေရင်းပမာဏ** -

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** -

(၁၀) **စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်)** ၁၅၀၀ သန်း (အမေရိကန်ဒေါ်လာ ၁.၁၁၀ သန်း အပါအဝင် ကျပ်သန်းပေါင်း တစ်ထောင့်ငါးရာ တိတိ)

(၁၁) **တည်ဆောက်မှု/ပြင်ဆင်မှုကာလ** ၂ နှစ်

(၁၂) **အတည်ပြုမိန့်သက်တမ်း** -

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** Star Resources Company Limited (လမ်းပြကြယ် ကုမ္ပဏီ လီမိတက်)

၁၅.၁၂.၁၇
15.12.17

ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
မြို့နယ်စုပေါင်းရုံး ၊ကံ့ကော်လမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်---
ရက်စွဲ---
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

တယ်လီဖုန်း ၀၅၉-၂၂၂၃၀ စာအမှတ်၊တနသ-ရက/ရင်းနှီး(မ-၄)/၂၀၁၇(၀၀၄)
ဖက်(စ်) ၀၅၉-၂၂၂၃၃ ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်

အကြောင်းအရာ။ **Star Resources Co.,Ltd. ၏ ဟိုတယ်တည်းခိုရိပ်သာ လုပ်ငန်း အတည်ပြုမိန့် အပေါ် တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည်ညွှန်းချက် ။ Star Resources Co.,Ltd. ၏ ၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ ရက်စွဲပါစာ

၁။ Star Resources Co., Ltd. မှ ဦးပိုင်အမှတ်(၃၉)၊ အကွက်အမှတ်(၆)၊ အိမ်ရှေ့ပြင်မြောက်၊ ဆင်ဆိပ်ရပ်ကွက်၊ ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြေဧရိယာ(၀.၈၉၁) ဧကတွင် ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများကို ကျင့်သုံးလျက် Star Resources Co., Ltd. အား ဟိုတယ် တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ်၊ တနတ-၀၀၄/၂၀၁၇ ကို ထုတ်ပေးလိုက်သည်။

၂။ Star Resources Co.,Ltd. အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို လိုက်နာ ဆောင်ရွက်ရမည် -

(က) Star Resources Co.,Ltd. သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ အဖြစ် ထားရှိ ဆောင်ရွက်အကောင်အထည် ဖော်ရမည်။

(ခ) Star Resources Co.,Ltd. အနေဖြင့် ဤအတည်ပြုမိန့်အရ ဟိုတယ် တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထား နိုင်သည်။

(ဂ) Star Resources Co., Ltd. အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီး မြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Star Resources Co., Ltd. သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ် နည်း၊ အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်း ညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) Star Resources Co., Ltd. သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက် တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ တင်ပြ ရမည်။

(စ) Star Resources Co., Ltd. သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ ခွင့်ပြုမိန့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံ သူသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ် ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ်အစီရင်ခံစာအား သတ်မှတ် ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်ဆိုဒ်သို့ တင်ပြရမည်။

(ဆ) Star Resources Co., Ltd. သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

(ဇ) တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူမှ တာဝန်ယူဖြေရှင်းရမည်ဖြစ်သည်။

၃။ Star Resources Co.,Ltd. သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

၁၈.၁၂.၁၈
18-12-18

(ဒေါက်တာလဲ့လဲ့မော်)
ဥက္ကဋ္ဌ
(တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ)

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေကြီးအစိုးရအဖွဲ့ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးဌာနခွဲ

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လမ်းပြကြယ်ကုမ္ပဏီလီမိတက်သည် ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း နှင့်စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်/ကမကထပြုသူ	- လမ်းပြကြယ်ကုမ္ပဏီလီမိတက် - ဒေါ်နေရည်အောင်(မန်နေးဂျင်းဒါရိုက်တာ)	
၂။	အဖွဲ့အစည်းပုံသဏ္ဍာန်	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု - ဒေါ်နေရည်အောင် ၉၃ % - ဦးစံမြင့် ၂ % - ဦးမျိုးနိုင် ၂ % - ဒေါ်စိန်ကျင် ၃ %	
၃။	လုပ်ငန်းအမျိုးအစား	- ဟိုတယ် တည်းခိုရိပ်သာလုပ်ငန်း	
၄။	တည်နေရာ	- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်	
	မြေဧရိယာ	- မြေဧရိယာ ၀.၈၉၁ ဧက (၄,၁၃၉.၅၈၆တုရန်းမီတာ)	
	အဆောက်အဦးအကျယ်အဝန်း	- ၃,၉၀၀ စတုရန်းပေ	
၅။	မြေပိုင်ရှင်	- ဦးကျော်နိုင်ဦး+ ဒေါ်နေရည်အောင် (ကိုယ်ပိုင်မြေ) ပုံစံ ၁၀၅ ရရှိပြီး	
၆။	တည်ဆောက်ရေးကာလ	- (၂)နှစ်	
၇။	**စုစုပေါင်းမတည်ငွေရင်း**	**ကျပ် ၁၅၀၀ သန်း**	**(ကျပ်သန်း)**
	- ငွေပမာဏ	၁၀၀,၀၀၀,၀၀၀	၁၀၀
	- မြေစရိတ်	၂၀၀,၀၀၀,၀၀၀	၂၀၀
	- အဆောက်အအုံများ(ပင်မ)	၈၀၀,၀၀၀,၀၀၀	၈၀၀
	- လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး	၃၀၀,၀၀၀,၀၀၀	၃၀၀
	- စက်ပစ္စည်းကိရိယာများ	၁၀၀,၀၀၀,၀၀၀	၁၀၀
	စုစုပေါင်း(ကျပ်သန်းပေါင်း)		**၁,၅၀၀**
၈။	ဝန်ထမ်းအင်အား (ပြည်တွင်း)	- **၇၀ ဦး** (ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၇၀၀,၀၀၀ ဖြစ်ပါသည်။)	
၉။	၁ နှစ်မြောက်တွင် ကုမ္ပဏီ၏ ဝင်ငွေ အသုံးစရိတ်	- ကျပ် ၆၀၇.၅၀၀ သန်း - ကျပ် ၃၇၆.၇၁၀ သန်း	

	အသားတင်အမြတ်	- ကျပ် ၁၄၇.၃၀၄သန်း
၁၀။	ဝန်ဆောင်မည့်အစီအစဉ် (ပထမနှစ်)	

အမျိုး အစား	ငှားရမ်းသည့်အခန်း		ဝန်ဆောင်ခနှုန်း (တစ်ခန်း/ တစ်ရက်လျှင်)
	မူလ အခန်း	၁နှစ် အတွင်း ငှားရမ်းမည့်အခန်း	(ကျပ်)
Standard	၅၈	၁၁,၂၀၀	၄၀,၀၀၀
Deluxe	၄	၉၅၀	၆၀,၀၀၀
Suite	၆	၁,၂၀၀	၈၀,၀၀၀
Executive	၁	၅၀	၂၀၀,၀၀၀
Presidential	၁	၄	၁,၀၀၀,၀၀၀
စုစုပေါင်း	၇၀	၁၃,၄၀၄	

၁၁။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ပထမနှစ်) ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	 - ကျပ် ၅၀.၁၀၃ သန်း - ကျပ် ၃၀.၃၇၅ သန်း
၁၂။	လျှော့စစ်ခါတ်အားသုံးစွဲမှု	- ကျပ် ၆၈ သန်း
၁၃။	CSR	- အသားတင်အမြတ်ငွေပမာဏ၏ ၂ %
၁၄။	မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်	- မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြထားခြင်း
၁၅။	အခြားတင်ပြချက်	- လုပ်ငန်းလုပ်ကိုင်မည့်မြေသည် ကိုယ်ပိုင်မြေဖြစ်ပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းပါကြောင်းတင်ပြအပ်ပါသည်။
		- ငွေကြေးအထောက်အထားအဖြစ် ဘဏ်တွင် ၂၈-၈-၂၀၁၇ ရက်စွဲဖြင့် လက်ကျန်ငွေကျပ် ၂၈,၂၆၃,၆၂၈.၉၅ ရှိကြောင်းတင်ပြထားပါသည်။
၁၆။	စိစစ်တင်ပြချက်	- တင်ပြလာသည့် လုပ်ငန်းသည် မတည်ငွေရင်း ကျပ်သန်း ၁,၅၀၀ ဖြစ်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြစ်ပါ သည်။
		- ကိုယ်ပိုင်မြေဖြစ်ကြောင်းအထောက်အထားများပြည့်စုံစွာပါရှိပါ သည်။
		- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့်လုပ်ငန်း (Promote Sector) တွင် ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှု ဇုန် (၂) တွင်ပါဝင်သည်။ ကင်းလွတ်ခွင့်သက်သာခွင့်များလည်း လျှောက်ထား ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်--- ---
ရက်စွဲ-----------
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
မြို့နယ်စုပေါင်းရုံး၊ ကံ့ကော်လမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့

စာအမှတ်၊ တန၁၁-ရက / ရင်းနှီး- ထွေ/၂၀၁၇(၂၅)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၉ ရက်

တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် လမ်းပြကြယ်ကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်တွင် ဟိုတယ် တည်းခိုရိပ်သာလုပ်ငန်းဆောင်ရွက်မည့်အပေါ် အတည်ပြုချက် တင်ပြခြင်းကိစ္စ**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ မြေဧက (၀.၈၉၁)ဧက ပုံစံ ၁၀၅ (ရပြီး) ကိုယ်ပိုင်မြေပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာဆောက်လုပ်မည့် လုပ်ငန်းဖြစ်ပါသည်။

၂။ အတည်ပြုလုပ်ငန်း၏ တည်ဆောက်ရေးကာလမှာ ၂ နှစ် ဖြစ်ပြီး ၊ တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၏ ၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ ရက်စွဲပါ စာအရ လမ်းပြကြယ်ကုမ္ပဏီလီမိတက်အား အောက်ပါအတိုင်း သဘောထားမှတ်ချက် ပေးခဲ့ပါသည်-

(က) အဆိုပါလုပ်ငန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ်(၂၄)အရပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan - EMP) ဆောင်ရွက်ရန်၊

(ခ) အဆိုပါ EMP အစီရင်ခံစာတွင်ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေး သို့မဟုတ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည့်တို့ပါဝင်သော EMPအစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရန်နှင့် အတည်ပြုပြီးဖြစ်သော EMP အစီရင်ခံစာပါ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

၃။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းမှာ ကျပ်သန်း ၁၅၀၀ ကျော် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	(ကျပ်သန်း)
	ပမာဏ
ငွေသား	၁၀၀
စက်ပစ္စည်းကိရိယာများ	၁၀၀
အဆောက်အအုံများ(ပင်မ)	၈၀၀
လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး	၃၀၀
မြေတန်ဖိုး	၂၀၀
စုစုပေါင်း	**၁,၅၀၀**

၄။ လုပ်ငန်းဆောင်ရွက်ရန် အတွက် ပြည်တွင်းမှ ဝန်ထမ်း ၇၀ ဦး ခန့်ထားမည်ဖြစ်ပါသည်။ တစ်လလျှင် ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၇၀၀၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ ပုံမှန်နှစ် ပထမနှစ်တွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ (၂)နှစ် လျှင် ၁၃,၄၀၄ ခန်း ဌားရမ်းနိုင်မည်ဖြစ်သည်။

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် (ပထမနှစ်) တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	**အကြောင်းအရာ**	**ကျပ်(သန်း)**
(က)	ဝင်ငွေ	၆၀၇.၅၀၀
(ခ)	အသုံးစရိတ်	၃၇၆.၇၁၀
(ဂ)	အသားတင်အမြတ်	၁၄၇.၃၀၄

၇။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ (ပထမနှစ်) တွင်ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၃၀.၃၇၅သန်းနှင့် ဝင်ငွေခွန် ကျပ် ၅၀.၁၀၃ သန်းရရှိမည် ဖြစ်ပါသည်။

၈။ ငွေကြေးအထောက်အထားအဖြစ် Kanbawza Bank တို့တွင် လမ်းပြကြယ်ကုမ္ပဏီ လီမိတက် ၏ M.D ဖြစ်သော ဒေါ်နေရည်အောင်၏အမည် ၂၀၁၇ခုနှစ်ဩဂုတ်လ ၂၈ ရက်နေ့စွဲဖြင့် လက်ကျန်ငွေကျပ် ၂၈,၂၆၃,၆၂၈.၉၅ ရှိကြောင်းတင်ပြထားပါသည်။

၉။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိပါကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် ကုမ္ပဏီမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာကွယ်မှု အစီအစဉ်အဖြစ် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၀။ ကုမ္ပဏီမှ CSR (Corporate Social Responsibility) အတွက် အသားတင်အမြတ်၏ ၂ % ကို သုံးစွဲရန် လျာထားပါကြောင်း တင်ပြထားပါသည်။

၁၁။ လျှပ်စစ်ဓါတ်အား အသုံးပြုမှုနှင့် စပ်လျဉ်း၍ ကိုယ်ပိုင် Generator ၃၅၀ KVA ဖြင့် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ **စိစစ်တင်ပြချက်**

(က) တင်ပြလာသည့်လုပ်ငန်းသည် မတည်ငွေရင်း သန်း ၁၅၀၀ ဖြစ်ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။

(ခ) ကိုယ်ပိုင်မြေဖြစ်ကြောင်း အထောက်အထားများ ပြည့်စုံစွာပါရှိပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့်လုပ်ငန်းတွင်ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဇုန် (၂) တွင်ပါဝင်သည်။ သို့ဖြစ်ပါ၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားမည်ဖြစ်ပါသည်။

(ဃ) တိုင်းဒေသကြီးမှ အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် လုပ်ငန်းဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၃။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်၊ မြေဇကေ (၀.၈၉၁)ဇကေ ပုံစံ ၁၀၅ (ရပြီး) ကိုယ်ပိုင်မြေပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာဆောက်လုပ်မည့် လုပ်ငန်းအဆိုပြု ချက်တင်ပြခြင်းကိစ္စအပေါ် ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

19/10/17

ဥက္ကဋ္ဌ(ကိုယ်စား)
(ဒေါက်တာထွန်းထွန်း၊အတွင်းရေးမှူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
တိုင်းဒေသကြီးဦးစီးမှူးရုံး၊တနင်္သာရီတိုင်းဒေသကြီး

စာအမှတ်၊ ရက-တနသ/စီမံ-၁/၂၀၁၇(၂၀)
ရက်စွဲ၊၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂)ရက်

သို့

ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားပေးပါရန် ကိစ္စ**

ရည်ညွှန်းချက် ။ လမ်းပြကြယ်ကုမ္ပဏီလီမိတက် ၏ ၂၉-၉-၂၀၁၇ ရက်စွဲပါ စုံစမ်းမေးမြန်းလျှောက်ထားလွှာ

၁။ လမ်းပြကြယ်ကုမ္ပဏီလီမိတက် မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်၊ မြို့မြေ(ကိုယ်ပိုင်မြေ) ၀.၂၃၇ ဧက ပေါ်တွင် ဟိုတယ် တည်းခိုရိပ်သာ (အခန်း၇၀ခန်း) လုပ်ငန်းဆောင်ရွက်ရန်စုံစမ်းမေးမြန်းလွှာဖြင့် တင်ပြလာပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၃၁(က)အရ စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာကို အလုပ်လုပ်ရက် ၁၀ ရက်အတွင်း စိစစ်ပေးရမည်ဖြစ်ပါသဖြင့် ပူးတွဲပါစုံစမ်းမေးမြန်းလျှောက်ထားလွှာနှင့် ပတ်သက်၍ မည်သည့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် ဆောင်ရွက်ရမည်ကို ဆောလျင်စွာ ပြန်ကြားပေးနိုင်ပါရန် ပေးပို့ညှိနှိုင်းအပ်ပါသည်။

ပူးတွဲ- စုံစမ်းမေးမြန်းခြင်း လျှောက်ထားလွှာ(၁)စုံ

2/10/17

(ဒေါက်တာထွန်းထွန်း)
ညွှန်ကြားရေးမှူး

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးရုံး
တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့
စာအမှတ်၊ ၂ / ၆ / ၅ (၁၁-၁၉) (၆၅၆/၂၀၁၇)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

သို့

ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အကြောင်းအရာ ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၏ (၂-၁၀-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ရက-တနသ/စီမံ-၁/၂၀၁၇ (၂၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လမ်းပြကြယ်ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်၊ မြို့မြေ(ကိုယ်ပိုင်မြေ)၀.၂၃၇ ဧကပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာ(အခန်း ၇၀ ခန့်)လုပ်ငန်း ဆောင်ရွက်လိုသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် စုံစမ်းမေးမြန်းလျှောက်ထားလွှာနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်းပါစာဖြင့် မည်သည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ဆောင်ရွက်ရမည်ကို ပြန်ကြားပေးနိုင်ပါရန် ပေးပို့ညှိနှိုင်းလာပါသည်။

၂။ အဆိုပါ စုံစမ်းမေးမြန်းလာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည် -

(က) ပေးပို့လာသော အဆိုပြုလွှာတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး မတည်ရင်းနှီးငွေပမာဏ ကျပ်သန်း(၁၅၀၀)ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ခ) အဆိုပြုလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်၊ မြို့မြေ(ကိုယ်ပိုင်မြေ) ၀.၂၃၇ ဧကပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာ(အခန်း ၇၀ ခန့်)လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဂ) ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာသည် ဒေါ်နေရည်အောင် (လမ်းပြကြယ်ကုမ္ပဏီလီမိတက်)ပိုင် မြေနေရာဖြစ်ကြောင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်မည့်နေရာသည် မြေသိမ်းယူမှု(သို့မဟုတ်)ဒေသခံများ နေရာပြောင်းရွှေ့ရမှု (သို့မဟုတ်) မြေအသုံးပြုနေသူများ၏ ဆန္ဒနှင့်ဆန့်ကျင်လျက် ပိတ်ပင်မှုမရှိကြောင်း ဖော်ပြထားရှိပါသည်။

၃။ လမ်းပြကြယ်ကုမ္ပဏီလီမိတက်မှ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာ သုံးသပ်ရပါသည် -

(က) ဟိုတယ်တည်းခိုရိပ်သာဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဖုန်မှုန့်များ၊ တုန်ခါမှုများ၊ ယာဉ်/ယန္တရားများမှ ထွက်ရှိလာမည့် ဆူညံသံ၊ စက်ဆီ၊ ချောဆီ၊ အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်လေထု၊ ရေထုနှင့် အသံ ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ခ) ဟိုတယ်လုပ်ငန်းလည်ပတ်ချိန်၌ ဟိုတယ်အခန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ရေဆိုး၊ မိလ္လာရေဆိုးများအား စနစ်တကျစွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ်/ ချောင်း အင်းအိုင်များအတွင်းသို့ စွန့်ပစ်ပါက ပတ်ဝန်းကျင်ရေထု/ မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ဂ) ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စားသောက်ခန်းများ၊ ဘား၊ မီးဖိုချောင်မှ ထွက်ရှိလာမည့် အစားအသောက်နှင့် အညစ်အကြေးများ၊ ပတ်ဝန်းကျင်တွင် ဆွေးမြေ့ ရန် အချိန်ကြာမြင့်သည့် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်ကဲ့သို့ စွန့်ပစ်အမှိုက်များ အား စနစ်တကျ စွန့်ပစ်ခြင်းမရှိပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်ပါ၍ လမ်းပြကြယ်ကုမ္ပဏီလီမိတက်မှ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်လိုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည် -

(က) လမ်းပြကြယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်မည့် ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ်(၂၄)အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ဆောင်ရွက်ရန်၊

(ခ) အဆိုပါ EMP အစီရင်ခံစာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေး သို့မဟုတ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဆောင် ရွက်မည့် လုပ်ငန်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သော EMP အစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရန်နှင့် အတည်ပြု ပြီးဖြစ်သော EMP အစီရင်ခံစာပါ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(ဂ) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်

ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် လူမှုရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြုခြင်းအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

(မိုင်အက်စတာ)

ညွှန်ကြားရေးမှူး

မိတ္တူကို

ဝန်ကြီး(သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး)၊ တိုင်းဒေသကြီးအစိုးရအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

ရုံးလက်ခံ

မျှောစာတွဲ

D:HWS:MIC(28)

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့
စာအမှတ်၊ က - ထဝ / ၂၀၁၇ (၆၃၉)
ရက်စွဲ၊၂၀၁၇ခုနှစ်၊အောက်တိုဘာလ(၁၆)ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့တင်ပြခြင်း။**

ရည်ညွှန်းချက်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၏(၁၁-၁၀-၂၀၁၇)ရက်စွဲပါစာအမှတ်ရက-တနသ/စီမံ-၁/၂၀၁၇(၂၃)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သတ်၍တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ် မြို့နယ်၊အိမ်ရှေ့ပြင်ရပ်ကွက်ရှိ မြေဧက (၀.၈၉၁)ဧက (ပုံစံ၁၀၅ရပြီး) ကိုယ်ပိုင်မြေပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာ ဆောက်လုပ်မည့်လုပ်ငန်းဆောင်ရွက်ရန်စုံးစမ်းမေးမြန်းလွှာဖြင့် လမ်းပြကြယ် Co..,Ltdမှတင်ပြ လာမှုအပေါ်တွင်သဘောထားမှတ်ချက်ပြန်ကြားပေးရန် အထက်ရည်ညွှန်းပါစာဖြင့်အကြောင်းကြား လပါသည်။

၂။ သို့ဖြစ်ပါ၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးခွဲသည်လျှောက်ထားလာသည့်မြေအပေါ်တွင်သဘောထားမှတ်ချက်ပေးနိုင်ရန်အတွက်တိုင်းဒေသကြီးရုံးခွဲတာဝန်ခံဦးဆောင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး((၁၄-၁၀-၂၀၁၇)ရက်နေ့တွင်သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များနှင့်သဘောထားမှတ်ချက်ကိုနောက်ဆက်တွဲဖြင့်ပူးတွဲပြီးပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲပါ-

နောက်ဆက်တွဲ (၂)စောင်

(ညီအေး)
တိုင်းဒေသကြီးတာဝန်ခံ

တိုင်းဒေသကြီးဦးစီးမှူး

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့နယ်

မိတ္တူကို-

-ရုံးလက်ခံ/မျှောစာတွဲ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်၊ ကမ်းခြေလမ်း၊ကွင်းအမှတ်(၁၆၉C)ရှိ မြေဧက ၂.၆၂ ဧက (ပုံစံ၁၀၅လျှောက်ထားဆဲ) မြေပေါ်တွင်ဟိုတယ်တည်းခိုရိပ်သာဆောက်လုပ်ရန်ရင်နှီးမြုပ်နှံမှုကော်မတီသို့တင်ပြလာမှုအပေါ် တွင်စစ်ဆေးတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တင်ပြခြင်း။

၁။ ဖွဲ့စည်းတည်ထောင်မှု

(က) ပိုင်ရှင်အမည် -ဒေါ်နေရည်အောင်(လမ်းပြကြယ်ကုမ္ပဏီလီမီတက်)

အုပ်ချုပ်မှုဒါရိုက်တာ

(ခ)မှတ်ပုံတင်အမှတ် - ၆/မအရ(နိုင်)၀၁၆၉၀၈

(ဂ)လုပ်ငန်းလိပ်စာ - အိမ်ရှေ့ပြင်ရပ်ကွက်၊ထားဝယ်မြို့နယ်

၂။မြေယာပိုင်ဆိုင်မှုအခြေအနေ

လျှောက်ထားသောမြေနေရာအားစိစစ်ရာတွင်လက်ရှိမြေဧရိယာသည် ၇.၈၉၁ဧက ကျယ်ဝန်းပြီး လက်ရှိပိုင်ဆိုင်သူ သည်မြေကွက်(၂)ကွက်ကိုဝယ်ယူထားခြင်းဖြစ်ပြီး၊ ဝယ်ယူသည့်စာချုပ်များကိုတင်ပြနိုင်ပါသည်။ လျှောက်ထားသောမြေသည် (R3)မြေအမျိုးအစားဖြစ်နေပါသည်။ မြေစာရင်းပုံစံ(၁၀၅)ရရှိပြီးဖြစ်ပါသည်။ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဟိုတယ်တည်ဆောက်ခွင့်နှင့် လုပ်ငန်းလိုင်စင်ခွင့်ပြုရာတွင် မြို့မြေ(သို့)အခြားနည်းအသုံးပြုခွင့်ရရှိပြီးသောမြေများကိုသာခွင့်ပြုပေးပါသည်။ သို့ဖြစ်ပါ၍ လျှောက်ထားသောမြေအား အခြားနည်းအသုံးပြုခွင့်ရရှိပြီးမှသာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။အဆောက်အဦများဆောက်လုပ်မှုအခြေအနေ

လက်ရှိတွင်လျှောက်ထားသောမြေနေရာပေါ်တွင်နှစ်ထပ်အဆောက်အဦ(၁)လုံး၊ နှင့်ကားဝပ်ရှော (၁)လုံးဆောက်လုပ်ထားပြီး၊လုပ်ငန်းစတင်သည်နှင့် ယင်းအဆောက်အဦများ ကိုဖျက်သိမ်းသွားမည်ဖြစ်ပါသည်။လျှောက်ထားသည့်မြေပေါ်တွင်ဆောက်လုပ်မည်အဆောက်အဦမှာ(၈)ထပ်ခွဲဖြစ်သည့်အတွက်လိုအပ်သောကားပါကင်အားဘေးဘက်ရှိခြံအားငှားရမ်းသုံးစွဲသွားမည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

၄။ပတ်ဝန်းကျင်အခြေအနေ

လျှောက်ထားသောမြေနေရာ၏ဘေးဘက်နှင့်အနောက်ဘက်တို့သည် လူနေအိမ်များဖြစ်ပြီး၊ အရှေ့ဘက်တွင်ရန်ကုန်-ထားဝယ်ကားလမ်းတည်ရှိနေပါသည်။ဘေးဘက်တွင်ဓါတ်ဆီဆိုင်တစ်ဆိုင် ရှိနေသည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးကိစ္စရပ်များအားမီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီသေချာစွာစီမံဆောင်ရွက်ထားသင့်ပါသည်။ လျှောက်ထားမြေ၏ ဘေးဘက်တွင် သာသနိကအဆောက်အဦများ၊ဗလီ၊နှင့်ဘုရားရှိခိုးကျောင်းများရှိမနေသည့်အတွက် ပတ်ဝန်းကျင် အခြေအနေ သည် ဟိုတယ်ဆောက်ရန်သင့်တော်သောနေရာဖြစ်ပါသည်။

၅။သုံးသပ်တင်ပြချက်

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊တနင်္သာရီတိုင်းဒေသကြီးရုံးခွဲတာဝန်ခံ ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့်စိစစ်ရာတွင်လုပ်ငန်းရှင်ဦးကျော်နိုင်ဦး+ဒေါ်နေရည်အောင် လျှောက်ထားသောမြေနေရာသည် ဟိုတယ်တည်ဆောက်ရန် သင့်တော် သောမြေနေရာဖြစ်ပါသည်။ မြေပိုင်ဆိုင်မှုမှာ မူလပိုင်ရှင်များထံမှဝယ်ယူထားသောအရောင်းအဝယ် စာချုပ်များကို တင်ပြနိုင်ပါသည်။သို့သော်မြေအမျိုးအစားမှာ(R3)မြေဖြစ်နေပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်/တည်းခိုရိပ်သာများကို တည်ဆောက်ခွင့်(သို့) လုပ်ငန်းလိုင်စင်ခွင့်ပြုရာတွင် မြို့မြေ(သို့)အခြားနည်းအသုံးပြုခွင့်ရရှိပြီးသောမြေများကိုသာခွင့်ပြုလျှက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့်လျှောက်ထားမြေအား အခြားနည်းအသုံးပြုခွင့် ဆက်လက် လျှောက်ထားဆောင်ရွက်ရရှိမည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပေးပို့တင်ပြအပ်ပါသည်။

(ညိုအေး)

တိုင်းဒေသကြီးတာဝန်ခံ

တိုင်း ဒေသ ကြီး ဦး စီး ဌာ န မှူး ရုံး
တနင်္သာရီတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်
စစ် ဆေး ရေး ဦး စီး ဌာ န၊ ထား ဝယ် မြို့
စာအမှတ်၊၁၅၁၅(၁-ခ)/မပတ/တန-၅/၂၀၁၇(၂၂၄၂)
ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

သို့

အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ထားဝယ်မြို့

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ (၂၈.၁၁.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၇က-တနသ / စီမံ -(၁)/ ၂၀၁၇ (၆၁)

၁။ လမ်းပြကြယ်ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ မြေ (၀.၈၉) ဧက၊ ပုံစံ (၁၀၅) ရပြီး ကိုယ်ပိုင်မြေပေါ်တွင် ဟိုတယ်တည်းခိုရိပ်သာဆောက်လုပ်မည့်လုပ်ငန်းတွင် ရည်ညွှန်း ပူးတွဲပါ စက်ပစ္စည်းများသည် အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ ၊ အမှန်တကယ်လိုအပ်မည့်အရေအတွက်အား ဤဦးစီးဌာနရုံးမှ စိစစ်၍ ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အဆိုပါလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာတွင် တင်သွင်းမည့် စက်ပစ္စည်းများသည် ၎င်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အမှန်တကယ် လိုအပ်ခြင်းရှိပါကြောင်းနှင့် အမှန်တကယ် လိုအပ်သည့်အရေအတွက် ဖြစ်ပါကြောင်း စိစစ်ပြန်ကြားအပ်ပါသည်။

ညွှန့်နွယ်
တိုင်းဒေသကြီးဦးစီးဌာနမှူး

မိတ္တူကို -
- ရုံးလက်ခံ
- မျှောစာတွဲ

D:\ Reply kks

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်-------

ရက်စွဲ-------

ပုံစံ (၁)

စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ

သို့

အတွင်းရေးမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

ကျွန်တော်/ကျွန်မ၏ အဆိုပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်ပါတို့အနက် မည်သည့်အမျိုးအစားတွင် ပါဝင်နေကြောင်း သိရှိရန်အလို့ငှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၈ အရ စည်းနှောင်မှု မရှိသည့် လမ်းညွှန်ချက်ရယူရန်အတွက် အောက်ပါအချက်အလက်များကို သိရှိလိုပါသဖြင့် စုံစမ်းမေးမြန်းအပ်ပါသည်-

- ☑ အဆိုပြုချက် တင်ပြရန် လိုအပ်သော လုပ်ငန်း ဟုတ်၊မဟုတ်၊
- ☐ ခွင့်ပြုမိန့်မထုတ်ပေးမီ ကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် လိုသည့် လုပ်ငန်း ဟုတ်/ မဟုတ်၊
- ☐ နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက ဆောင် ရွက်ခွင့်မရှိသည့် လုပ်ငန်း သို့မဟုတ် နိုင်ငံသားနှင့်သာ ဖက်စပ် ဆောင်ရွက်နိုင် သည့် လုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်း ဖြစ်/မဖြစ်၊
- ☑ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်အတွက် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်း ဟုတ်၊ မဟုတ်၊
- ☐ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ပါဝင်ခြင်း ရှိ/မရှိ၊
- ☐ သီးခြားသိရှိလိုသည့် အချက်များရှိပါကဖော်ပြရန်၊

....

....

....

၁။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် (ဒေါ်နေရည်အောင်) လားရှိုး ဖြိုးဟေဝန် ကုမ္ပဏီ လီမိတက်

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ ၆/မအရ(နိုင်)၀၁၆၉၀၈
နိုင်ငံကူးလက်မှတ်အမှတ်

(ဂ) နိုင်ငံသား မြန်မာ

(ဃ) နေရပ်လိပ်စာ အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ အောင်ဇေယျာ ကာဂို၊ မြည်သာလမ်း၊ ခေါင်းချောင်း၊ ရန်ကုန်။

(င) တယ်လီဖုန်း /ဖက်စ် 09 797 004987 ၊ 09 250204212

(စ) အီးမေးလ်လိပ်စာ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည်

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်

(ဃ) နိုင်ငံသား

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်
နေရပ်လိပ်စာ

(စ) တယ်လီဖုန်း /ဖက်စ်

(ဆ) အီးမေးလ်လိပ်စာ

၃။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) မတည်ငွေရင်းနှင့် အစုရှယ်ယာပါဝင်မှုအချိုး

(၁) ဆောင်ရွက်မည့်လုပ်ငန်း၏မတည်ငွေရင်းပမာဏ ကျပ် သန်း (၁၅၀၀)

(၂) နိုင်ငံခြား ..... %၊ နိုင်ငံသား ၁၀၀ %၊ အစိုးရဌာန/အဖွဲ့အစည်း ..... %။

(ခ) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားနှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြရန် -

ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း (အခန်း - ၇၀)

(ဂ) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် လုပ်ငန်းတည်နေရာ (လုပ်ငန်းတည်နေရာသည် တစ်နေရာ ထက်ပိုလျှင် နေရာအားလုံးကိုဖော်ပြပေးရန်)

အိမ်ရှေ့မြင်ရပ်၊ ရေးလမ်း၊ တောင်ကြီးမြို့။

(ဃ) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့်လုပ်ငန်း အရွယ်အစားနှင့် ပမာဏ

(င) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် နေရာအကျယ်အဝန်း (စုစုပေါင်းမြေဧရိယာ)

............၆၀' x ၁၄၀'   (၀.၂၃၇)ဧက............

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေအမျိုးအစားနှင့် လက်ရှိစီမံခန့်ခွဲခွင့်ရှိသူ

............မြို့မြေ ၊ ဒေါ်နေရည်အောင်............

(ဆ) မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းမည့်ကာလ/ အသုံးပြုမည့်ကာလ

....

(ဇ) မြေငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါပုဂ္ဂိုလ်ထံမှ တစ်ဆင့်ငှားရမ်းထားခြင်း ရှိ-မရှိ-

☐ နိုင်ငံတော်၏ဥပဒေများနှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသောပုဂ္ဂိုလ်၊

☐ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအား တစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင်ရယူရန် အခွင့်ရှိသည့် ပုဂ္ဂိုလ်။

(ဈ) ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုကြောင့် မြေသိမ်းယူမှု သို့မဟုတ် ဒေသခံများနေရာပြောင်းရွှေ့ရမှု သို့မဟုတ် မြေအသုံးပြုနေသူများ၏ဆန္ဒနှင့် ဆန့်ကျင်လျက် ပိတ်ပင်မှု

☐ ရှိ   ☑ မရှိ

ရှိပါက အကျိုးသက်ရောက်ခြင်းခံရသောလူပုဂ္ဂိုလ်အရေအတွက်ကို ဖော်ပြရန် ....

(ည) နိုင်ငံ၏နယ်နိမိတ်ကို ဖြတ်ကျော်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း ☐ ရှိ ☐ မရှိ

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နယ်နိမိတ်ကို ဖြတ်ကျော်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း ☐ ရှိ ☑ မရှိ

၄။ အထက်ပါအချက်အလက်များအပြင် အခြားသက်ဆိုင်သည့် အချက်အလက်များ တောင်းခံပါက ပေးပို့မည်ဖြစ်ပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးပြီး တင်ပြအပ်ပါသည်။

လျှောက်ထားသူလက်မှတ်------------(signature)------------

အမည်----ဒေါ်နေရည်အောင်------------

ရာထူး----အုပ်ချုပ်မှုဒါရိုက်တာ----

ရက်စွဲ--------------------------------------

လမ်းပြကြယ် ကုမ္ပဏီ ဒါရိုက်တာ

ပုံစံ (၄ - ၁)

အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

ဧရာဝတီတိုင်း တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊

ရက်စွဲ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် [illegible]

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် [illegible]
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်

(ဂ) နိုင်ငံသား မြန်မာ

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ [illegible]

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ

(စ) လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြပေးရန်)

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည်

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်

(ဃ) နိုင်ငံသား

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ

(စ) တယ်လီဖုန်း /ဖက်စ် ....

(ဆ) အီးမေးလ်လိပ်စာ ....

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန်

☑ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း(ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း(စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ....၁၀၀.... %

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ....%

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ....%

၄။ အစုရှယ်ယာ ၁၀ % နှုန်းနှင့်အထက်ပိုင်ဆိုင်သောအစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု%
၁။	[illegible]	မြန်မာ	၉၃

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း ....ကျပ်သိန်း (၁၅၀၀)....

(ခ) အစုရှယ်ယာအမျိုးအစား ....

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ ....

....

မှတ်ချက်။ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပူးတွဲတင်ပြရန်

၆။ မတည်ငွေရင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ-

ကျပ်/US$(သန်းပေါင်း)

(က) ပြည်တွင်းမှထည့်ဝင်သည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ....ကျပ်သိန်း (၁၅၀၀)....

(ခ) နိုင်ငံခြားမှယူဆောင်လာသည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း

စုစုပေါင်း ၁၅၀၀၀

၇။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း ....

၈။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/တည်နေရာ [illegible]

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ ....

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☐ ရှိ၊ ☐ မရှိ

ရှိပါကလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

....

....

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်းရှိ/မရှိ ဖော်ပြရန်။

☐ မြေအသုံးပြုခွင့်လျှောက်ထားလွှာ

☑ အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

[illegible]

လျှောက်ထားသူလက်မှတ်

အမည် [illegible]

ရာထူး [illegible]

ဌာန/ကုမ္ပဏီတံဆိပ် ....

[illegible]

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်းအာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့်အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်

အမည် ဒေါ်ဝေရည်အောင်

ရာထူး အုပ်ချုပ်မှုဒါရိုက်တာ

ဌာန/ကုမ္ပဏီတံဆိပ် ငါးပွင့်ကြယ်ကုမ္ပဏီလီမိတက်

စာအမှတ်---
ရက်စွဲ---

ပုံစံ (၆)

အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်

အကြောင်းအရာ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၄ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များအား ဖြည့်စွက်၍ လျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏
(က) အမည် ဒေါ်နှင်းရည်အောင်
(ခ) ကုမ္ပဏီအမည် လမ်းပြကြယ်ကုမ္ပဏီလီမိတက်
(ဂ) လုပ်ငန်းအမျိုးအစား ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်း
(ဃ) ခွင့်ပြုမိန့်အမှတ် သို့မဟုတ် အတည်ပြုမိန့်အမှတ် (လျှောက်ထားဆဲဖြစ်ပါက လျှောက်ထားဆဲဖြစ်ကြောင်းဖော်ပြရန်) ---

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်း မဟုတ်ပါက လျှောက်ထားသူ၏
(က) ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည် ---
(ခ) နိုင်ငံသားစိစစ်ရေးကတ်/ နိုင်ငံကူးလက်မှတ် အမှတ် ---

၃။ တည်ဆောက်မှုကာလ/ ပြင်ဆင်မှု ကာလ ---

၄။ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ ---

၅။ အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကိုခံစားခွင့်ပြုနိုင်ပါရန် လျှောက်ထားအပ်ပါသည်-
(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅(က)ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်

(-) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ (က) ပါဝင်ငွေခွန်ကင်းလွတ်ခွင့်
(-) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (က၊ ဃ) ပါ (သို့) သက်သာခွင့်
(-) အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်ဖြစ်စေ (၂မျိုးလုံး ကိုဖြစ်စေ ကင်းလွတ်ခွင့် (သို့) သက်သာခွင့်)

မှတ်ချက်။ မိမိလျှောက်ထားလိုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဖော်ပြရန်

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၇၅(က)ပါဝင် ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားမည်ဆိုပါက နည်းဥပဒေ၈၃နှင့် အညီ လုပ်ငန်းဆောင်ရွက် နေသည့်ဇုန်နေရာ သို့မဟုတ် နည်းဥပဒေ၉၆ နှင့်အညီ တွက်ချက်ထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတန်ဖိုး ၆၅ရာခိုင်နှုန်း အထက်အားရင်းနှီးမြှုပ်နှံထားသည့်သို့မဟုတ် လုပ်ငန်း ဆောင်ရွက်နေသည့် ဇုန်နေရာကို ဖော်ပြပေးရန်။

ရေးလမ်း၊ အိမ်ရှေ့ပြင်ရပ်
ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

ဇုန်(၂)

၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (က) နှင့် (ဃ) ကို လျှောက်ထားမည် ဆိုပါက နည်းဥပဒေ ၈၄ ပါ အချက်အလက်များကို ဇယား (၁) တွင်ဖြည့်စွက်ရန်။

၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၇ (ခ) အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်လျှောက်ထားမည်ဆိုပါက ဇယား(၂) နှင့် အောက်ပါအချက်အလက်များကို ဖော်ပြပေးအပ်ရန်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိမည့် တစ်နှစ်စာမျှော်မှန်းဝင်ငွေ ------------------------------------

(ခ) ပို့ကုန်များမှရရှိသော တစ်နှစ်စာ နိုင်ငံခြားငွေ ------------------------------------

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၇၈(က)အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်လျှောက်ထားမည်ဆိုပါက နည်းဥပဒေ ၉၉နှင့်အညီ တစ်ဖက်ပါအချက်အလက်များကို ဖော်ပြပေးအပ်ရန်-

(က) မည်သည့်ဘဏ္ဍာနှစ်တွင်ရရှိခဲ့သည့် ------------------------------------

အမြတ်ငွေဖြစ်ကြောင်းဖော်ပြရန်။

(ခ) မည်သည့်ဘဏ္ဍာနှစ်အတွက် ပြန်လည် ------------------------------------
ရင်းနှီးမြှုပ်နှံလိုကြောင်းဖော်ပြရန်။

(ဂ) ပြန်လည် ရင်းနှီးမြှုပ်နှံမည့် ပမာဏ ------------------------------------
ကိုဖော်ပြပေးရန်။

၁၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈(ခ) အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည်ဆိုပါကအောက်ပါအချက်အလက်များကိုဖော်ပြပေးအပ်ရန်-

(က) နိုင်ငံတော်၏ သက်ဆိုင်ရာ ဥပဒေများအရ ခွင့်ပြုထားသည့် ပစ္စည်း တန်ဖိုး လျော့တွက်နှုန်းထားနှင့် ၎င်းနှုန်းထား၏၁.၅ဆနှင့် တူညီသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းထားတို့ကို ယှဉ်တွဲတွက်ချက် ဖော်ပြထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းထားတွက်ချက်မှုကိုပူးတွဲတင်ပြရန်။

(ခ) ရင်းနှီးမြှုပ်နှံသူသည် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းထားကို တွက်ချက် ခံစားခွင့်အတွက် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ သီးခြားလျှောက်ထားခြင်းသို့မဟုတ်ရရှိထားခြင်းရှိ/မရှိ။

၁၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၇၈(ဂ) အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည်ဆိုပါကဘဏ္ဍာနှစ်အတွက်သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏အမှန်တကယ်ကုန်ကျစရိတ်ကိုစာရင်းပြုစု၍ပူးတွဲတင်ပြရန်။

လျှောက်ထားသူလက်မှတ်

အမည် ....

ရာထူး ....

ဌာန/ကုမ္ပဏီတံဆိပ် ....

ဇယား (၁) - ထုတ်လုပ်မှုအတွက်လိုအပ်သည့်ပစ္စည်းများစာရင်း

စဉ်	ပစ္စည်းအမျိုးအမည်	HS Code (ဂဏာန်း၄လုံးဖြင့်ဖော်ပြရန်)	ရေတွက်ပုံ	အရေအတွက်	တစ်ခုချင်းတန်ဖိုး	စုစုပေါင်းတန်ဖိုး	ပင်ရင်းနိုင်ငံ	
							ပြည်တွင်း	ပြည်ပ
	၁	၂	၃	၄	၅	၆	၇	၈
	စုစုပေါင်း							

မှတ်ချက်။ Brand New / Reconditioned ခွဲခြားဖော်ပြပေးရန်။

ဇယား (၂) - ထုတ်လုပ်မှုအတွက် လိုအပ်သည့် သွင်းအားစုစာရင်း

စဉ်	ပစ္စည်းအမျိုးအမည်	HS Code (ဂဏန်း၄လုံးဖြင့်ဖော်ပြရန်)	ရေတွက်ပုံ	တစ်ခုချင်း တန်ဖိုး (အမေရိကန်ဒေါ်လာ)	တစ်နှစ်အတွက်လိုအပ်မှု				အခြား
					ပြည်တွင်း		ပြည်ပ		
					အရေအတွက်	စုစုပေါင်း (အမေရိကန်ဒေါ်လာ)	အရေအတွက်	စုစုပေါင်း (အမေရိကန်ဒေါ်လာ)	
	၁	၂	၃	၄	၅	၆	၇	၈	၉
	စုစုပေါင်း								

NAME OF PROJECT :DaWei Hotel Project

NAME OF WORK : Civil Material

Sr.	Particular	Unit	Quantity	Price	Amount	HS Code
	Material					
1	Spum Pile Ø 300 x 12m	Nos	380.00	420,000	159,600,000	
2	2' x 2' Floor Tile	Sht	32,434.00	5,000	162,170,000	681010
3	Service Lift	No	1.00	47,600,000	47,600,000	
4	Lift (13 Person)	No	1.00	54,400,000	54,400,000	
	Total				423,770,000	

MNG BRANCH
KANBAWZA BANK LTD.

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

No.615/1, Pyay Road,
Kamayut Township,
Yangon, Myanmar.
Tel: (+951) 538 075-76,
538 078-80
Fax: (+951) 538 069-71

No. 02950106002230601 **Dated , 28 August , 2017**

To,

NAY YI AUNG
6/MAAHYA(N)016908
NO-267,RM-202,PYAY RD,MYAYNIGONE
SANCHAUNG TSP, YANGON DIVISION

DEAR SIR,

We hereby certify that the balance standing at the credit of the account of NAY YI AUNG (02950106002230601) with the KANBAWZA BANK Ltd.(MYAYNIGONE BRANCH)at the close of business on the (28/08/2017) was MMK 28,263,628.95 (Kyats Twenty-eight million two hundred sixty-three thousand six hundred twenty-eight and ninety-five Pyas only).

Yours Faithfully

SENIOR MANAGER
KANBAWZA BANK LTD
MYAYNIGONECH BRANCH
YANGON BRANCH(8)

Version: 1.1.1

STAR RESOURCES ACADEMY
Tourism & Hospitality Managment

STAR RESOURCES CO., LTD.

နှစ်ပတ်လည် အထွေထွေအရပ်ရပ် အစည်းအဝေး မှတ်တမ်း

အစည်းအဝေး ကျင်းပသည့်နေ့	။	။	၁၈ - ၁၁ - ၂၀၁၆
အစည်းအဝေး ကျင်းပသည့်အချိန်	။	။	နံနက်(၁၀း၀၀)နာရီ
အစည်းအဝေး ကျင်းပသည့်နေရာ	။	။	ကုမ္ပဏီရုံးခန်းရှိအစည်းအဝေးခန်းမ

တက်ရောက်သူများ	ရာထူး	လက်မှတ်
၁။ ဒေါ်ငွေငွေမြင့် (ခ) ဒေါ်နေရည်အောင်	မန်နေဂျင်းဒါရိုက်တာ	
၂။ ဦးမျိုးနိုင်	ဒါရိုက်တာ	
၃။ ဦးကျော်စိုး	ဒါရိုက်တာ	
၄။ ဒေါ်စိန်ကျင်	ဒါရိုက်တာ	
၅။ ဦးစံမြင့်	ဒါရိုက်တာ	
၆။ ဦးကျော်သက်ထွန်း	ဒါရိုက်တာ	
၇။ ဦးအောင်မြစိုး	ဒါရိုက်တာ	
၈။ ဦးကျော်နိုင်ဦး	ဒါရိုက်တာ	

ဆွေးနွေးဆုံးဖြတ်ချက်များ

၁။ အစည်းအဝေးမှ အစုရှယ်ယာများမှ ယခင်ခွဲဝေထားသည့်အတိုင်း (၅၀၅) စု ပင်ရှိနေပြီး လုပ်ငန်းလိုအပ်ချက်ရှိမှသာ ထပ်မံခွဲဝေရောင်းချရန်တင်ပြခြင်းကို အများသဘောတူအတည်ပြု ဆုံးဖြတ်ကြပါသည်။

၂။ အစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ကိုလည်း မူလအတိုင်း ဆက်လက်ခန့်အပ်ထားရန် တင်ပြခြင်းကို အများသဘောတူအတည်ပြု ဆုံးဖြတ်ကြပါသည်။

၃။ ဘဏ္ဍာနှစ်အတွင်း စာရင်းစစ်အစီရင်ခံစာနှင့်ဒါရိုက်တာအဖွဲ့ တင်ပြစာများကို အတည်ပြု ဆုံးဖြတ်ကြပါသည်။

၄။ တစ်နှစ်တာအတွင်း ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်းနှင့် ဘဏ်လက်ကျန်ရှင်းတမ်းများကို ကုမ္ပဏီများ မှတ်ပုံတင်ရုံးသို့ တင်ပြရန် ဆုံးဖြတ်ကြပါသည်။

၅။ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ တင်ပြရန် ဆုံးဖြတ်ကြပါသည်။ထို့နောက် အစည်းအဝေးကို နံနက် (၁၁း၃၀)နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

အတည်ပြုသူ

NAY YI AUNG
Managing Director
STAR RESOURCES CO., LTD

STAR RESOURCES ACADEMY
Tourism & Hospitality Managment

STAR RESOURCES CO., LTD.

သို့ /-

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂) ရက်။

အကြောင်းအရာ။ ။ ပုံစံ (c) မှတ်ပုံတင်ခြင်း။

ကျွန်တော်များ " လမ်းပြကြယ် ကုမ္ပဏီ လီမိတက် " "STAR RESOURCES COMPANY LIMITED" ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်-၁၃၃၈/၂၀၀၅-၂၀၀၆၊ ရက်စွဲ (၃-၁၀-၂၀၀၅) ၏ နှစ်ပတ်လည် အထွေထွေ အရပ်ရပ် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပုံစံ(c) ကို မှတ်ပုံတင်ပေးပါရန် မှတ်ပုံတင်ကြေး ပေးသွင်းပြီးသည့် ငွေသွင်းချလန်နှင့်အတူ ပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

NAY YI AUNG
Managing Director
STAR RESOURCES CO., LTD

Star Resources Co., Ltd. No, 267, Room- 202, MAC Tower, (Near Myae Ni Gone Yoma Bank), Pyay Road, Sanchaung Tsp., Yangon, Myanmar.
Phone. (951), 523 200, 523 623, 230 4020, 230 4021, 09 5020 302, Fax. 523200, Email: admin@staresources.com,
Website:www.star-resourcesacademy.com

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့

ငွေလက်ခံ/ရရှိပြေစာ

011[illegible]5

147

ရက်စွဲ၊ ၂၁ - ၁၁ - ၂၀၁၆

ကုမ္ပဏီ အမည် (အမည်)၊ စတား ရီဆို့စ် ကုမ္ပဏီလီမိတက်

(အင်္ဂလိပ်)၊ Star Resources Co. Ltd

ငွေပေးသွင်းသည့် အကြောင်းအရာ၊ Form E

ပေးသွင်းသည့်ငွေ (ဂဏန်းဖြင့်)၊ ၂၅,၀၀၀/-

(စာဖြင့်)၊ နှစ်သောင်းငါးထောင်ကျပ်တိတိ

သွင်းသူလက်မှတ်

ငွေလက်ခံသူလက်မှတ်

အမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၆၅၇၈၉၁ | စာအမှတ် ၊ ရက-၁၀/ ၁ / ၂၀၁၄ (၈၆၁၃)

📠 ၀၁-၆၅၈၁၃၅ | ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ဒီဇင်ဘာလ ၁၉ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
လမ်းပြကြယ် ကုမ္ပဏီလီမိတက်
အမှတ်(၂၆၇)၊ အခန်း(၁၀၂)၊ အိမ်အေးစီတာဝါ၊ မြေနီကုန်းရိုးမဘဏ်အနီး၊
ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အကြောင်းအရာ။ **ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် သက်တမ်းတိုးခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ကုမ္ပဏီ၏ (၁၇-၁၂-၂၀၁၄) ရက်စွဲပါစာ

၁။ အထက်ရည်ညွှန်းပါစာဖြင့် **လမ်းပြကြယ် ကုမ္ပဏီ လီမိတက်** မှ သက်တမ်းတိုးမြှင့် ပေးပါရန်တင်ပြလာခြင်းကို (၁၇-၁၂-၂၀၁၄)ရက်နေ့တွင် ခွင့်ပြုပြီးဖြစ်သဖြင့် (၂-၁၀-၂၀၁၉) ရက်နေ့အထိ (၅)နှစ် သက်တမ်း တိုးမြှင့် ခွင့်ပြုလိုက်သည်။

၂။ သို့ဖြစ်ပါ၍ **လမ်းပြကြယ် ကုမ္ပဏီ လီမိတက်** မှ ကျပ် ၅၀၀,၀၀၀/-(ကျပ် ငါးသိန်း တိတိ) ပေးသွင်းပြီးဖြစ်ပါ၍ ရုံးတွင်းမှတ်ပုံတင်အမှတ်- **၁၃၃၈/၂၀၀၅-၂၀၀၆(၃-၁၀-၂၀၀၅)** သက်တမ်းတိုး မှတ်ပုံတင် လက်မှတ်ကို ထုတ်ပေးလိုက် သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(နီလာမူ ၊ ဒုတိယညွှန်ကြားရေးမှူး)

မိတ္တူကို-

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ
အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန
ရုံးအမှတ် (၃၂)၊ နေပြည်တော်
